# သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း နှင့် ထုတ်ဖော် ပြောကြားခြင်း ဆိုင်ရာ အထွေထွေ သဘော တူခွင့်ပြုချက်

လေးစားအပ်သည့် မိဘ/အုပ်ထိန်းသူများ

သင့်ကလေး၏ အခြား ကျောင်းသားများနှင့် ပတ်သက်သော အတွေ့အကြုံများ ကို မျှဝေရန်၊ ကျောင်းနှင့် ကျောင်းသား လှုပ်ရှားမှုများ အကြောင်း ကျောင်း နှင့် ရပ်ရွာပြည်သူ များသို့ အသိပေးရန် နှင့် အရေး ပါသည့် စီမံကိန်းများ သို့မဟုတ် ရပ်ရေး ရွာရေးတွင် ကျောင်းသား ၏ ပူးပေါင်း ပါဝင်မှုကို မှတ်တမ်း တင်ရန် ရည်ရွယ် ချက်များ အတွက် ကျောင်း/ပညာရေး ဌာန အား သင့်ကလေး ၏ အချက် အလက်များ ကို ထုတ်ပြန်ခွင့် နှင့်/သို့မဟုတ် ထုတ်ဖော်ပြောကြားခွင့်ပြုရန် ကျွန်ုပ် တောင်းခံအပ်ပါသည်။

ထိုအချက်အလက်များတွင် သင့်ကလေး၏ အမည်၊ အသက်၊ အတန်းနှင့် ကျောင်းက ရယူ ထားသည့် သင့်ကလေး ၏ ဓာတ်ပုံ၊ အသံနှင့် ရုပ်/သံ မှတ်တမ်း များကဲ့သို့ အချက် အလက်များ၊ အပြန် အလှန် ဆက်သွယ် ရေး မီဒီယာများ တွင် သင့် ကလေး ၏ လုပ်ဆောင်ချက် နှင့် အမြင် သဘောထား ဆိုင်ရာ ထုတ်ဖော် ပြောဆိုချက် များ ပါဝင်နိုင်သည်။

သင့် ကလေး ၏ အချက် အလက်များကို အောက်ပါ ဆက်သွယ် ရေး နည်းလမ်း များ မှ တစ်ဆင့် ထုတ်ပြန်ခြင်း သို့မဟုတ် ထုတ်ဖော် ပြောကြားခြင်း ပြုလုပ်သွား မည် ဖြစ် သော်လည်း ၎င်းတို့ အပြင် အခြား နည်းလမ်း များလည်း ပါဝင် နိုင်ပါသည်။

- ကျောင်းဝက်ဘ်ဆိုက်၊ ပညာရေး ဌာန တွင်း ကွန်ပျူတာ ကွန်ရက် (ဝန်ထမ်းများသာ)၊ ဘလော့ဂ်များ နှင့် ဝီကီ(wiki)များ အပါ အဝင် ပညာရေး ဌာန၏ အများ ပြည်သူ သုံး ဝက်ဘ် ဆိုက်များ
- ကျောင်း စာစောင်၊ ကျောင်း နှစ်ပတ်လည် မဂ္ဂဇင်းနှင့် အစီရင်ခံ စာများ အပါ အဝင် ပညာရေး ဌာန၏ ထုတ်ပြန် ချက်များ၊ ဌာန၏ ဝက်ဘ်ဆိုက် အပါအဝင် ပုံနှိပ် နှင့် အီလက်ထရွန်းနစ် နည်း ဖြင့် ထုတ်ဝေ သည့် ကြော်ငြာများ
- YouTube၊ Facebook နှင့် X (Twitter) ကဲ့သို့ သော ကွန်ရက်များ ရှိ ဌာန နှင့် ကျောင်း၏ တရား ဝင် လူမှု ကွန်ရက် အကောင့်များ
- ပြည်တွင်း နှင့် ဒေသ တွင်း သတင်း စာ များ၊ မဂ္ဂဇင်း များနှင့် အခြား မီဒီယာများ

အများ ပြည်သူ သုံး ဝက်ဘ်ဆိုက် နှင့် လူမှု ကွန်ရက် မီဒီယာများ တွင် ထုတ်ပြန်ထား သည့် သတင်း အချက် အလက်များ သည် အမြဲတမ်း တင်ထားခြင်း မဟုတ်လျှင် အွန်လိုင်း တွင် နှစ် အတန် ကြာ ရှာဖွေ ကြည့်ရှု နိုင်သည် ဆိုသည့် အချက်ကို မိဘ များ အနေဖြင့် သတိ ပြုရမည် ဖြစ်သည်။ ထုတ်ပြန်ထားသည့် အချက်အ လက် မိတ္တူ များကို ရှာဖွေ ရေး စနစ်များ က သိမ်းဆည်း ထားခြင်း သို့မဟုတ် ရယူ ထားခြင်း များလည်း ရှိ နိုင်သည်။ ယင်း အချက် အ လက်များ ကို တတိယ ပုဂ္ဂိုလ်/အဖွဲ့ အစည်းများနှင့် လည်း ချိတ်ဆက်ထား နိုင်သည်။

ခွင့်ပြု ချက်ပုံစံ ကို ဖြည့်စွက် ၍ အောက် ဖော်ပြပါ နေ့ရက် တွင် ကျောင်းသို့ ပြန်လည် ပေးပို့ပါ။

Date for return of permission form

**စကားပြန် အကူအညီ**

ထပ်မံသိရှိလိုပါက သက်ဆိုင်ရာကျောင်းသို့ ဆက်သွယ်ပါ။

ဤသို့ ဆက်သွယ်စုံစမ်းရာတွင် စကားပြန် အကူအညီလိုအပ်ပါက 131 450 သို့ ဖုန်း ခေါ်ဆိုပြီး အော်ပရေတာ အား သင်လိုအပ်သည့် ဘာသာ စကား ကို ပြောပြ၍ ကျောင်းသို့ ဖုန်း ခေါ်ဆိုခိုင်းပါ။ သင် စကား ပြောဆို ရာတွင် ကူညီရန် အော်ပရေတာက ဖုန်းလိုင်း ပေါ်တွင် စကားပြန် တစ်ဦး ထားပေးမည် ဖြစ်သည်။ ဤ ဝန်ဆောင်မှု အတွက် အခ ကြေးငွေ ကောက်ခံမည်မဟုတ်ပါ။

လေးစားမှုဖြင့်

ကျောင်းအုပ်ကြီး အမည် (Name of principal)

ကျောင်းအမည် (Name of school)

# ထုတ်ပြန်မှု ကို သဘောတူ သည့် မိဘ/အုပ်ထိန်းသူ ၏ ခွင့်ပြုချက်
## Parent/carer permission to publish consent

ကျွန်ုပ်သည် ဤ ထုတ်ပြန်ခွင့် ကို ဖတ်ရှု ထားပြီး ဖြစ်၍-

(အောက်ပါဇယား ကွက်တစ်ခု ကို သာ အမှန် ခြစ်၍ ကျန် အ ကွက်ကို ကွက်လပ် ချန်ထားပါ)

☐ မိမိ ကလေး၏ အချက် အလက်များ ကို အများ ပြည်သူ သိရှိခွင့် ရှိသည့် ဆက်သွယ်ရေး နည်းလမ်းများ အပါ အဝင် အထက် ဖော်ပြပါ နည်းလမ်းများ မှတစ်ဆင့် ကျောင်း/ပညာရေး ဌာနက ထုတ်ပြန်ခြင်းကို ကျွန်ုပ် ခွင့်ပြုပါသည်။
I give permission to the school/Department of Education to publish information about my child as described above, including in publicly accessible communications.

☐ မိမိ ကလေး၏ အချက် အလက်များ ကို အများ ပြည်သူ သိရှိခွင့် ရှိသည့် ဆက်သွယ်ရေး နည်းလမ်းများ အပါ အဝင် အထက် ဖော်ပြပါ နည်းလမ်းများ မှတစ်ဆင့် ကျောင်း/ပညာရေး ဌာနက ထုတ်ပြန်ခြင်းကို ကျွန်ုပ် ခွင့်မပြုပါ။
I do not give permission to the school/Department of Education to publish information about my child as described above, including in publicly accessible communications.

ဤလက်မှတ်ရေးထိုးထားသော ခွင့်ပြုချက်သည် ကျွန်ုပ်က ကျောင်းသို့ နောက်ထပ် အသိပေးအကြောင်းကြားမှု တစုံတရာ မပြုလုပ်မချင်း အတည်ဖြစ်သည်။

ကလေး အမည် (အက္ခရာ သုံးပါ) ______________________________
Name of child

မိဘ/အုပ်ထိန်းသူ အမည် (အက္ခရာ သုံးပါ) ______________________________
Name of parent/carer

မိဘ/အုပ်ထိန်းသူ၏ လက်မှတ် ______________________________
Signature of parent/carer

ရက်စွဲ ______________________________
Date